**ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေး ကောင်စီအဖွဲ့ဝင်နိုင်ငံများ (GCC) နှင့် ဗြိတိန်နိုင်ငံတို့ အကြား လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ခြင်း**

ဗြိတိန်နိုင်ငံသည် အီးယူမှ ခွဲထွက်ပြီးနောက်ပိုင်း ကုန်သွယ်မှု မဟာဗျူဟာ၏အဓိက မှတ်တိုင်တစ်ခုအဖြစ် ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေး ကောင်စီအဖွဲ့ဝင်နိုင်ငံများ (GCC) နှင့် လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက် တစ်ရပ် (FTA) လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါ FTA လက်မှတ်ရေးထိုးခြင်းဖြင့် ယူအေအီး၊ ဆော်ဒီအာရေဗီးယား၊ ဘာရိန်း၊ ကူဝိတ်၊ အိုမန်နှင့် ကာတာ စသည့် အဖွဲ့ဝင် (၆) နိုင်ငံနှင့် ဗြိတိန်နိုင်ငံ အကြား စီးပွားရေးဆက်ဆံမှု ပိုမို အားကောင်းလာစေမည်ဟု မျှော်မှန်းထားပါသည်။
၎င်း FTA သည် ဗြိတိန်နိုင်ငံ၏ စီးပွားရေးအပေါ် စတာလင်ပေါင် ၃.၇ ဘီလျံ (အမေရိကန်ဒေါ်လာ ၅ ဘီလျံ) ခန့် ထည့်ဝင်အကျိုးပြုလာစေနိုင်ကြောင်း၊ အီးယူမှ ဗြိတိန်နိုင်ငံ ခွဲထွက်ပြီး နောက်ပိုင်း အရေးအပါဆုံး ကုန်သွယ်မှု သဘောတူညီချက်များနက် တစ်ခုဖြစ်လာကြောင်း၊ FTA အတွက် ဆွေးနွေးမှုများအား ၂၀၂၂ ခုနှစ်တွင် စတင်ခဲ့ခြင်း ဖြစ်ကြောင်း သိရပါသည်။
အဆိုပါ လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် အပြည့်အဝ အကောင်အထည် ဖော်ပြီး ပါက ဗြိတိန်နိုင်ငံမှ GCC နိုင်ငံများသို့ ပို့ကုန်အပေါ် တစ်နှစ်လျှင် စတာလင်ပေါင် ၅၈၀ သန်းခန့် အကောက်ခွန် ဖယ်ရှားပေးနိုင်မည်ဖြစ်ပြီး၊ အကောက်ခွန်လျှော့ချရေး ဆွေးနွေးပွဲများ စတင်ချိန်၌ စတာလင်ပေါင် ၃၆၀ သန်းခန့် အခွန်လျှော့ချနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။
GCC နိုင်ငံများသည် ဗြိတိန်နိုင်ငံ၏ (၁၀) ခုမြောက် အကြီးဆုံး ကုန်သွယ်ဖက်အဖြစ် ရပ်တည် နေပါသည်။ ဗြိတိန်နှင့် GCC နိုင်ငံများအကြား လက်ရှိကုန်သွယ်မှုတန်ဖိုးမှာ စတာလင်ပေါင် (၅၃) ဘီလျံခန့်ရှိပြီး၊ ၂၀၅၀ ခုနှစ်တွင် GCC နိုင်ငံများက ဗြိတိန်နိုင်ငံမှ တင်သွင်းရန် သွင်းကုန် လိုအပ် ချက်မှာ (၂) ဆ တိုးမြင့်လာမည်ဟု မျှော်မှန်းထားပါသည်။
FTA တွင် စီးပွားရေးသတင်းအချက်အလက်များ လွတ်လပ်စွာစီးဆင်းမှု (Free Flow of Data) နှင့်စပ်လျဥ်း၍ GCC နိုင်ငံများ၏ ကတိကဝတ်များလည်း ပါဝင်ပါသည်။ GCC နိုင်ငံများသည် တန်ဖိုးရှိသော စီးပွားရေးမိတ်ဖက်များဖြစ်ကြောင်း၊ လွတ်လပ်သောကုန်သွယ်မှု သဘောတူညီ ချက်သည် ချောကလက်၊ ထောပတ်၊ ဆေးပစ္စည်းကိရိယာ၊ ဇိမ်ခံကား စသည်တို့ အပါအဝင် ဗြိတိန်ပို့ကုန်များအပေါ် အကောက်ခွန်များ ဖယ်ရှားပေးမည်ဖြစ်၍ ဗြိတိန် စီးပွားရေးလုပ်ငန်းများ နှင့် နိုင်ငံတကာ ကုန်သွယ်ဆက်ဆံရေးအတွက် အရေးပါသော အောင်မြင်မှုတစ်ရပ်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် Mr. Keir Starmer က ပြောကြားခဲ့ပါသည်။
လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်တွင် ဗြိတိန်ကုမ္ပဏီများအတွက် GCC နိုင်ငံများသို့ ဈေးကွက်ဝင်ရောက်ခွင့် တိုးတက်လာစေရန် ရည်ရွယ်သည့် ကတိကဝတ်များလည်း ပါဝင်ပါ သည်။ ယခုကဲ့သို့ FTA လက်မှတ်ရေးထိုးခြင်းဖြင့် ဗြိတိန်နှင့် ပင်လယ်ကွေ့နိုင်ငံများအကြား ကုန်သွယ်မှု ပိုမိုပြုလုပ်ရန် ယုံကြည်မှုတိုးလာစေနိုင်ကြောင်း၊ ဗြိတိန်အစိုးရအနေဖြင့် အီးယူပြင်ပ

ပို့ကုန်ဈေးကွက် ရှာဖွေနေချိန်တွင် ကမ္ဘာ့စီးပွားရေး တိုးတက်မှု အမြန်ဆုံး ဒေသများအနက် တစ်ခုဖြစ်သော ပင်လယ်ကွေ့ဒေသနိုင်ငံများနှင့် ကုန်သွယ်ရေးဆက်ဆံမှုများ ပိုမို အားကောင်းလာစေနိုင်ကြောင်း၊ GCC နိုင်ငံများအတွက်လည်း ကဏ္ဍပေါင်းစုံတွင် ဗြိတိန်နိုင်ငံမှ ကုန်စည်၊ ဝန်ဆောင်မှုနှင့် ကျွမ်းကျင်မှုများ တိုးမြှင့်ဝင်ရောက်လာစေမည်ဖြစ်ကြောင်း သိရပါသည်။
မကြာသေးမီနှစ်များအတွင်း GCC နိုင်ငံများသည် ဗြိတိန် ပို့ကုန်လုပ်ငန်းရှင်များအတွက် အရေးပါသော ဈေးကွက်တစ်ခုဖြစ်လာပြီး၊ ယခုကဲ့သို့ FTA လက်မှတ် ရေးထိုးခြင်းဖြင့် GCC နိုင်ငံများ၌ ဗြိတိန်ကုမ္ပဏီများ လုပ်ငန်းချဲ့ထွင်ရန် ပိုမိုလွယ်ကူစေမည်ဖြစ်ကြောင်း၊ GCC နိုင်ငံများ၏ လယ်ယာစိုက်ပျိုးရေး၊ အစားအသောက်၊ ကျန်းမာရေး စောင့်ရှောက်မှု နည်းပညာ၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်၊ ဘဏ္ဍာရေး ဝန်ဆောင်မှု စသည့် ကဏ္ဍများတွင် ဗြိတိန်ကုမ္ပဏီများ ပိုမိုဝင်ရောက်လာရန် မျှော်မှန်းထားကြောင်း သိရှိရပါသည်။

Source : [https://www.thenationalnews.com/news/gulf/2026/05/20/gcc-strikes-uk-free-trade-deal/](https://www.thenationalnews.com/news/gulf/2026/05/20/gcc-strikes-uk-free-trade-deal/)

(ကျော်စိန်ဝင်း၊ စီးပွားရေးသံမှူး၊ အဘူဒါဘီမြို့)